**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ DMA / SSE/ NM/ ၂၉ /၂၀၂၅

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၉-၁၁-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ပဆ-၂/လက(DCA)Spaceflight(၁၁/၁၄၄)

၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မြို့ပြလေကြောင်းစီမံအုပ်ချုပ်ရေးအဖွဲ့အစည်းမှ ၂၀-၁၁-၂၀၂၅ ရက် ၁၀:၀၄ နာရီအချိန်တွင် Aerospace Flight လှုပ်ရှားမှုကိစ္စနှင့်ပတ်သက်၍ ကြိုတင်သတိပေးချက်(ကြေးနန်း) ပေးပို့အကြောင်းကြားလာပါသည်။

၂။ အဆိုပါ ကြိုတင်သတိပေးချက်တွင် အာကာသယာဉ်၏လှုပ်ရှားမှု (Aerospace Flight Activity) သည် ၉-၁၂-၂၀၂၅ ရက်မှ ၁၂-၁၂-၂၀၂၅ ရက်များအတွင်း (နေ့စဉ်) မြန်မာစံတော်ချိန် နံနက် ၀၈:၃၀ နာရီမှ မွန်းလွဲ ၁၂:၃၀ နာရီအချိန်အတွင်းတွင် ဖြစ်နိုင်ခြေရှိပြီး မြေပြင်မှအမြင့်ပေ အကန့်အသတ်မရှိ သက်ရောက်နိုင်ကြောင်း၊ ခန့်မှန်းကျရောက်နိုင်သည့်ဧရိယာကို အောက်ဖော်ပြပါအတိုင်း အသိပေးအကြောင်းကြားလာပါသည်-

| **Point** | **Latitude** | **Longitude** |
|---|---|---|
| A | 16°35'00" N | 093°52'00" E |
| B | 16° 42'00"N | 093° 19'00"E |
| C | 17°35'00" N | 093°31'00" E |
| D | 17° 28'00"N | 094° 04'00"E |

၃။ အဆိုပါ ခန့်မှန်းကျရောက်မည့်ဧရိယာမှာ မာန်အောင်လေဆိပ်၏ အနောက်တောင်ဘက် ရေမိုင် ၇၆ မိုင်ခန့်၊ သံတွဲလေဆိပ်၏ အနောက်တောင်ဘက် ရေမိုင် ၆၁ မိုင်ခန့်နှင့် ပုသိမ်လေဆိပ်၏ အနောက်မြောက်ဘက် ရေမိုင် ၄၈ မိုင်ခန့်အကွာ ဘင်္ဂလားပင်လယ်အော်အတွင်းတွင် ကျရောက်နေကြောင်း စိစစ်တွေ့ရှိရပြီး ကျရောက်နိုင်သည့် ဧရိယာမြေပုံအား **နောက်ဆက်တွဲ**ဖြင့် ဖော်ပြထားပါသည်။

၄။ သို့ဖြစ်ပါ၍ ၉-၁၂-၂၀၂၅ ရက်မှ ၁၂-၁၂-၂၀၂၅ ရက်များအတွင်း (နေ့စဉ်) မြန်မာစံတော်ချိန် နံနက် ၀၈:၃၀ နာရီမှ မွန်းလွဲ ၁၂:၃၀ နာရီအချိန်အတွင်းတွင် အထက်ဖော်ပြပါ တည်နေရာများ အတွင်း၌ Aerospace Flight အစိတ်အပိုင်းများ ကျရောက်နိုင်ပါသဖြင့် သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ကမ်းရိုးတန်းသွားရေယာဉ်များ၊ ငါးဖမ်းသင်္ဘောများ၊ အပျော်စီးခရီးသွား ရေယာဉ်များနှင့် စက်တပ်သမ္ဗန်များ ၎င်းဧရိယာအတွင်း ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နား ခြင်း၊ ငါးဖမ်းခြင်းနှင့်ငါးဖမ်းကိရိယာများ ချထားခြင်းမပြုကြပါရန်နှင့် အဆိုပါဧရိယာအနီးမှ လွတ်ကင်း စွာ သတိပြုမောင်းနှင်သွားကြပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန် ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)

နောက်ဆက်တွဲ

**08:30 a.m to 12:30 p.m (from 9 to 12 Dec 2025)**

